ကပြင်ရပ်ဝန်း

ISP Insight Email

ISP Series

အတွဲ-၂၊ အမှတ်-၂ • ဇန်နဝါရီ ၃၀ ရက်၊ ၂၀၂၄ ခုနှစ်

# မင်းပျိုမင်းလွင်များ စန်းထချိန်-၁

## ‘ဝ’နယ်မှ လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပွဲထွက်လာ

မြန်မာ့လက်နက်ကိုင် ပဋိပက္ခအတွင်း ပါဝင်နေကြသော ဘက်အသီးသီးနှင့်
အိမ်နီးချင်းနိုင်ငံများအတွက် အလေးထားစောင့်ကြည့်ရမည့် အခြေအနေဖြစ်သည်။



MNTJP/MNDAA နှင့်တွေ့ဆုံဆွေးနွေးပွဲတွင် UWSP/UWSA ၏
ဒုတိယဥက္ကဋ္ဌ ကျောက်ကော်အန်းနှင့်အတူ တွေ့ရသော ‘ဝ’နယ်မှ လူငယ်မျိုးဆက်မျက်နှာသစ်ခေါင်းဆောင်များ

Facebook/kokang123 (果敢资讯网)

## အယ်ဒီတာမှတ်စု

**EDITOR'S NOTE**

‘မင်းပျိုမင်းလွင်များ စန်းထချိန်’ ဆိုတဲ့ မျိုးဆက်အပြောင်းအလဲကို ဒီတပတ်မှာ အလေးပေး ဖော်ပြထားပါတယ်။ ကိုးကန့် (MNDAA) နဲ့ ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့ ရဲ့တွေ့ဆုံဆွေးနွေးမှုမှာ လူငယ်မျိုးဆက်တွေကို ပွဲထုတ်လာတာက သတိပြုစရာပါ။ မျိုးဆက်သစ် ‘ဝ’ခေါင်းဆောင်တွေကို တွေ့ရပါတယ်။ ရှေ့တန်းက ထိုင်ခွင့်ရသူ လူငယ်တွေထဲမှာ အမျိုးသမီးတဦးကိုလည်း မြင်ရပါတယ်။ ‘ဘယ်သူက ဘယ်သူတွေလဲ’ (Who's who?) လို့ စူးစမ်းစရာ ဖြစ်စေခဲ့ပါတယ်။ သူတို့တင်မကဘဲ ‘စစ်ဆင်ရေး ၁၀၂၇’ ကို ဖော်ဆောင်ခဲ့တဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့၊ နွေဦးတော်လှန်ရေးနဲ့အတူ ပေါ်ထွက်လာတဲ့ Generation Z မျိုးဆက်တွေ၊ ဒေသအနှံ့က တော်လှန်ရေးတပ်တွေမှာလည်း လူငယ်လူလတ်ပိုင်းတွေရဲ့ဦးဆောင်မှုတွေကို အထင်အရှား မြင်နေရပါတယ်။

မျိုးဆက်တွေပြောင်းလဲတာနဲ့အတူ ရှုမြင်ပုံတွေလည်း မတူကြပါဘူး။ လူငယ်မျိုးဆက်တွေဟာ သဘာဝအရကိုပဲ နဂိုအထိုင်မှာနေတာထက် စိတ်ကူးသစ်တွေနဲ့ စွန့်စားရတာ (risk) ကို ပိုလုပ်ချင်ကြပါတယ်။ အောင်မြင်လာတဲ့အခါမှာ ယုံကြည်စိတ်လည်း ခိုင်မာလာကြပါတယ်။ ဒါကို ‘မင်းပျိုမင်းလွင်’တွေရဲ့ မာန်တက်ကြွမှုမျိုးနဲ့ ISP-Myanmar က နှိုင်းယှဉ်တင်စားလိုတာပါ။ ဒီအခြေအနေမှာ လက်ရှိပဋိပက္ခကို ဖြေလျှော့ရေးက ခက်ခဲနိုင်သလို လုပ်တိုင်းအောင်မြင်နေတဲ့သူတွေအဖို့ သူတို့ရဲ့စွန့်စားရမှုတန်ဖိုးကိုလည်း ပိုလို့ ဘဝင်ဂုဏ်ထူးဆောင်နေနိုင်ပါတယ်။ ဒါ့အပြင် ဖက်ပြိုင်နေသူ မြန်မာစစ်ခေါင်းဆောင်တွေနဲ့ အန်တုသူ အင်အားစုတွေအကြားမှာ ငဲ့ညှာထောက်ထားစရာတွေလည်း မရှိသလောက်ပါပဲ။ ပိုဆိုးတာက အချင်းချင်း သိမြင်နားလည်မှုနဲ့ ဆက်စပ်မှု လုံးဝမရှိတာလည်း ဖြစ်နေနိုင်ပါတယ်။ ဒီအချက်က ပဋိပက္ခမြေမျက်နှာသွင်ပြင်အသစ်တခုအဖြစ် ပြောင်းလဲလာနေတာပါ။ ပဋိပက္ခမှာ ပါဝင်နေတဲ့ ဇာတ်ကောင်တွေကြောင့် ပဋိပက္ခခင်းကျင်းစီစဉ်မှု အသစ်တခု ဖြစ်ပေါ်လာနေပါတယ်။ ဒီအချက်တွေဟာ အထူးအလေးထားစောင့်ကြည့်ရမှာပါ။ အခုလိုမျိုး မျိုးဆက်ခေါင်းဆောင်မှု အပြောင်းအလဲတွေကို ISP-Myanmar က နောက်ပိုင်းမှာလည်း အလျဉ်းသင့်သလို တင်ပြသွားပါမယ်။

အဲဒါအပြင် သတိထားစောင့်ကြည့်ရမယ့် ‘ငွေကြေးဖောင်းပွမှု’အခြေအနေကို ဒီတပတ်မှာ ဆွေးနွေးထားပါတယ်။ ဒါဗိုစ်ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ရဲ့ စိတ်ဝင်စားဖွယ်သတင်းတွေနဲ့ အစည်းအဝေးကာလ ပြင်ပဆွေးနွေးမှုတခုမှာ ထိုင်းနိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာ့မူဝါဒ ဆွေးနွေးချက်၊ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာမှာရင်ဆိုင်ရနိုင်တဲ့ အန္တရာယ်ဆိုင်ရာ အကဲဖြတ်ချက် (Global Risks Report) တို့ကိုလည်း တပိုင်းတစဖော်ပြထားပါတယ်။ ■

သတိပြုစရာ အကြောင်းအချက်

**KEY TAKEAWAY**

# မင်းပျိုမင်းလွင်များ စန်းထချိန်-၁ ‘ဝ’နယ်မှ လူငယ်မျိုးဆက်နှာသစ်ခေါင်းဆောင်များ ပွဲထွက်လာ

မြန်မာ့လက်နက်ကိုင် ပဋိပက္ခအတွင်း ပါဝင်နေကြသော ဘက်အသီးသီးနှင့် အိမ်နီးချင်းနိုင်ငံများအတွက် အလေးထားစောင့်ကြည့်ရမည့် အခြေအနေဖြစ်သည်။

---

လောက်ကိုင်အပြင် ကိုးကန့်ဒေသတခုလုံးကို သိမ်းယူထိန်းချုပ်နိုင်ခဲ့ပြီဖြစ်တဲ့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်တာ့ရှင် ဦးဆောင်တဲ့ ကိုးကန့်အထူးဒေသ-၁ ကိုယ်စားလှယ်အဖွဲ့ဟာ ‘ဝ’ပြည်နယ်*နဲ့ မိုင်းလားအထူးဒေသတွေဆီ ဂါရဝပြုခရီးစဉ် သွားခဲ့ပါတယ်။  ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၄ နဲ့ ၂၅ ရက်တွေမှာ ‘ဝ’ပြည်နယ်၊ ၂၇ ရက်မှာတော့ မိုင်းလားအထူးဒေသကို သွားခဲ့တာပါ။

‘ဝ’နယ်နဲ့ မိုင်းလားအထူးဒေသကိုသွားခဲ့တဲ့ အခုခရီးစဉ်ဟာ ‘စစ်ဆင်ရေး ၁၀၂၇’ သုံးလပြည့်ချိန်နဲ့ တိုက်ဆိုင်နေသလို (ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင် ကွယ်လွန်ခြင်း နှစ်ပတ်လည်ကာလဖြစ်တဲ့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမတိုင်ခင်) လောက်ကိုင်ကို ပြန်လည်ရရှိရေး MNDAA ရဲ့ စစ်ရေးရည်မှန်းချက် ပြည့်မြောက်ပြီးချိန်နဲ့လည်း ချိန်သားကိုက်ဖြစ်တယ်လို့ ဆိုရမှာပါ။ သူတို့ရဲ့တွေ့ဆုံမှုကို တရုတ်နှစ်သစ်ကူးအကြိုခရီးစဉ်အဖြစ် သတ်မှတ်ခဲ့သလို နှစ်သစ်အချိန်မှာ နှစ်ဦးနှစ်ဖက် အပြန်အလှန်လည်ပတ်ခြင်းနဲ့ ခေါင်းဆောင်ဟောင်းတွေ တည်ထောင်ခဲ့တဲ့ ချစ်ကြည်ရေးကို ဆက်ထိန်းခြင်းအဖြစ်လည်း ပုံဖော်ခဲ့ပါတယ်။

ခရီးစဉ်မှာ ထူးခြားတာက ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဘက်က လူငယ်မျိုးဆက် မျက်နှာသစ်ခေါင်းဆောင်တွေကို နေရာပေးဆွေးနွေးစေတာ မြင်ရပါတယ်။ MNDAA ရဲ့ နိုင်ငံရေးပါတီအဖြစ် ထူထောင်ထားတဲ့ မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသောအမျိုးသားပါတီ (MNTJP) နိုင်ငံရေးဦးဆောင်ကော်မတီဝင်၊ ကိုးကန့်အထူးဒေသ-၁ အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး-၁ ဗိုလ်ချုပ်စုန်ခဲချိန်ရဲ့ ပြောကြားချက်မှာလည်း ဒီအချက်ကို သတိပြုစရာအဖြစ် တွေ့ရပါတယ်။

---

* ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့်မဟာမိတ်များက ‘ဝ’ပြည်နယ်ဟု သတ်မှတ်ခေါ်ဆိုပြီး စစ်ကောင်စီ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟူ၍ ရေးသားသတ်မှတ်ထားသည်။

“... မိမိတို့တပ်ဖွဲ့အချင်းချင်းကြား တော်လှန်ရေး ချစ်ခင်ရင်းနှီးမှုများကို ပြန်လည်သုံးသပ်ခဲ့ပြီး အထူးဒေသ-၁ နှင့် ‘ဝ’ပြည်သူလူထုတို့၏ ချစ်ကြည်ရေးဟာ နှစ်ဆယ်ချီ တော်လှန်ရေးလမ်းကြောင်းတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် လွန်စွာရင်းနှီးခိုင်မာကြောင်း၊ နှစ်ဦးနှစ်ဖက်မှ အသက်၊ သွေးနှင့် ချွေးတို့ဖြင့် တည်ဆောက်ထားသော ချစ်ကြည်ရေးဟာ အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင်လက်ထက်တွင်လည်း ဆက်လက်ဖွံ့ဖြိုး တိုးတက်သွားမည်ဖြစ်ကြောင်း၊ အထူးဒေသ-၁ ပြည်သူလူထုနှင့် ‘ဝ’ပြည်သူလူထုတို့မှာ အတူတကွ ထာဝရ ရပ်တည်သွားမည်ဖြစ်ကြောင်း...” ပြောကြားခဲ့တယ်လို့ MNDAA အာဘော် The Kokang သတင်းဌာနရဲ့ ဆိုရှယ်မီဒီယာမှာ မြန်မာဘာသာနဲ့ ဖော်ပြခဲ့ပါတယ်။

‘ဝ’ဘက်က ထုတ်ပြန်ခဲ့တဲ့ သတင်းတွေကို ကြည့်တဲ့အခါ MNDAA စစ်ဦးစီးချုပ် ဖုန်တာ့ရှင် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ညှိ့ခံတွေ့ဆုံခဲ့တဲ့ UWSP/UWSA ဘက်မှာ UWSP ရဲ့ ဗဟိုနိုင်ငံရေး ဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင်နဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်ကော်အန်းက ဦးဆောင်ခဲ့ပြီး သူ့ဘယ်ဘက်မှာ ဒုတိယ အထွေထွေအတွင်းရေးမှူး **ပေါက်အိုက်ခမ်း**နဲ့ ညာဘက်မှာ နိုင်ငံရေးဌာနကြီးမှူး **ကျောက်အိုက်နပ်လိုင်**တို့ နေရာယူခဲ့ကြပါတယ်။

Facebook/kokang123(果敢资讯网)



MNTJP/MNDAA နှင့်တွေ့ဆုံဆွေးနွေးပွဲတွင် UWSP ၏ ဒုတိယအထွေထွေအတွင်းရေးမှူး ပေါက်အိုက်ခမ်း (UWSP ဥက္ကဋ္ဌ ပေါက်ယူချန်၏သား) ဆွေးနွေးစဉ်။

## MNDAA နှင့် တွေ့ဆုံမှုတွင် UWSP ဘက်မှ ပါဝင်ခဲ့သော ထိပ်တန်းအရာရှိ ၁၅ ဦး

မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်တာ့ရှင်ဦးဆောင်သော ကိုးကန့်အထူးဒေသ-၁ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၄ နှင့် ၂၅ ရက်များတွင် 'ဝ'ပြည်နယ်သို့ နှစ်သစ်ကူးအကြိုဂါရဝပြုခရီး သွားရောက်ခဲ့သည်။ ထိုသို့သွားရောက်ရာတွင် UWSP ဒုတိယဥက္ကဋ္ဌ **ကျောက်ကော်အန်း** ဦးဆောင်သော ဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး 'ဝ'ခေါင်းဆောင်များ၏ နေအိမ်အသီးသီးသို့ သွားရောက်၍လည်း ဂါရဝပြုခဲ့ကြသည်။ ကိုးကန့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် UWSP ၏လူငယ်မျိုးဆက်မျက်နှာသစ်ခေါင်းဆောင်များဖြစ်သော ဒုတိယအထွေထွေအတွင်းရေးမှူး **ပေါက်အိုက်ခမ်း** (လက်ရှိဥက္ကဋ္ဌ **ပေါက်ယူချန်**၏သား)နှင့် နိုင်ငံရေးဌာနကြီးမှူး **ကျောက်အိုက်နပ်လိုင်** (UWSP ကို တည်ထောင်သူနှင့် ခေါင်းဆောင်ဟောင်း **ကျောက်ညီလိုင်**၏သား)တို့လည်း ဒုတိယဥက္ကဋ္ဌ ကျောက်ကော်အန်းနှင့်အတူ ဦးဆောင်ပါဝင်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် UWSP ဘက်မှ ပါဝင်ခဲ့သည့် ထိပ်တန်းအရာရှိများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ကျောက်ကော်အန်း | ဒုတိယဥက္ကဋ္ဌ၊ ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင် |
| ၂ | ပေါက်အိုက်ခမ်း | ဒုတိယအထွေထွေအတွင်းရေးမှူး၊ ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင် |
| ၃ | ကျောက်အိုက်နပ်လိုင် | နိုင်ငံရေးဌာနကြီးမှူး၊ ဗဟိုနိုင်ငံရေး ဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင် |
| ၄ | ပေါက်ကျင်းလုံ | ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင်၊ ဗဟိုကော်မတီဝင် |
| ၅ | လီရန်ရှင်း | ဗဟိုကော်မတီဝင်၊ တရားစီရင်ရေးဌာန အတွင်းရေးမှူး |
| ၆ | ကျောက်ရှောက်ဟူ | ဗဟိုကော်မတီဝင် |
| ၇ | ပေါက်စန်းကား | အရံဗဟိုကော်မတီဝင် |
| ၈ | ဟဲဖျင် | အရံဗဟိုကော်မတီဝင်၊ ဥက္ကဋ္ဌ ပေါက်ယူချန်၏ ကိုယ်ရေးအရာရှိအတွင်းရေးမှူး |
| ၉ | ကျောက်ရန်ဝူ | အရံဗဟိုကော်မတီဝင် |
| ၁၀ | ကျိုးတာ့ဖူ | ဗဟိုကော်မတီရုံး ဌာနကြီးမှူး |
| ၁၁ | လီကျင်းရီ | မဟာမိတ်တပ်မဟာ နိုင်ငံရေးမှူး |
| ၁၂ | ကျောက်ရန်ကား | တပ်မဟာ နိုင်ငံရေးမှူး |
| ၁၃ | မောစစ်ရန် | ဗဟိုကော်မတီရုံး ဒုတိယဌာနကြီးမှူး |
| ၁၄ | ရှင်းလန် | ပြင်ပဆက်ဆံရေးဌာန ဒုတိယဌာနကြီးမှူး |
| ၁၅ | ဆွန်ချန်တယ် | ကျန်းမာရေးဌာန ဌာနကြီးမှူး |

ကိုးကား - UWSP ၏ 'ဝ'ပြည်သတင်းဌာန

## MNDAA နှင့် တွေ့ဆုံမှုတွင် ပါဝင်ခဲ့သော UWSP ဗဟိုကော်မတီဝင်များ

မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNTJP/MNDAA) နှင့် နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲတွင် ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ဘက်မှ ဦးဆောင်ပါဝင်ခဲ့သော ၁၅ ဦးအနက် ဗဟိုကော်မတီဝင် ၁၀ ဦးအား ထုတ်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ UWSP တွင် ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ဝင် အမြဲတမ်းကော်မတီကို ၁၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ထိုကော်မတီသည် အဖွဲ့အစည်းအတွင်း အာဏာအမြင့်ဆုံးကော်မတီဖြစ်သည်။ ထိုကော်မတီအောက်တွင် ဗဟိုကော်မတီနှင့် အရံဗဟိုကော်မတီဟူ၍ ထပ်မံဖွဲ့စည်းထားသည်။



ကျောက်ကော်အန်း
ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့
အမြဲတမ်းကော်မတီဝင် ဖြစ်သည်။



ပေါက်အိုက်ခမ်း
ဒုတိယ အထွေထွေအတွင်းရေးမှူးဖြစ်ပြီး
ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင် ဖြစ်သည်။
ဥက္ကဋ္ဌ ပေါက်ယူချန်၏ သားဖြစ်သည်။



ကျောက်အိုက်နပ်လိုင်
နိုင်ငံရေးဌာနကြီးမှူးဖြစ်ပြီး ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့
အမြဲတမ်းကော်မတီဝင် ဖြစ်သည်။ UWSP ကို
တည်ထောင်သူတဦးဖြစ်သော ကျောက်ညီလိုင်၏ သားဖြစ်သည်။



ပေါက်ကျင်းလုံ
ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့
အမြဲတမ်းကော်မတီဝင် ဖြစ်သည်။



လီရန်ရှင်း
ဗဟိုကော်မတီဝင်ဖြစ်ပြီး
တရားစီရင်ရေးဌာန၏ အတွင်းရေးမှူးဖြစ်သည်။



ဟဲဖျင်
အရံဗဟိုကော်မတီဝင်ဖြစ်ပြီး ဥက္ကဋ္ဌ ပေါက်ယူချန်၏
ကိုယ်ရေးအရာရှိ အတွင်းရေးမှူး ဖြစ်သည်။



ပေါက်စန်းကား
အရံဗဟိုကော်မတီဝင် ဖြစ်သည်။



ကျောက်ရှောက်ဟူ
ဗဟိုကော်မတီဝင် ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌ
ကျောက်ကော်အန်း၏ သားဖြစ်သည်။



ကျောက်ရန်ဝူ
အရံဗဟိုကော်မတီဝင် ဖြစ်သည်။



ကျိုးတာ့ဖူ
ဗဟိုကော်မတီရုံး၏ ဌာနကြီးမှူးဖြစ်သည်။

## MNDAA ခေါင်းဆောင်က ‘ဝ’ခေါင်းဆောင်များအား သီးခြားစီဂါရဝပြုခဲ့

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၄ နှင့် ၂၅ ရက်များတွင် ‘ဝ’ပြည်နယ်သို့ ဂါရဝပြုခရီးသွားခဲ့သော MNTJP/MNDAA ခေါင်း ဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်တာ့ရှင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ‘ဝ’ခေါင်းဆောင်များ၏ နေအိမ်များသို့ သီးခြားစီသွားရောက်ပြီး တရုတ်နှစ်သစ်ကူးအကြို ဂါရဝပြုခြင်းကိုလည်း လုပ်ဆောင်ခဲ့သည်။ MNDAA ခေါင်းဆောင် သွားရောက်ဂါရဝပြုခဲ့သူများမှာ UWSP ဥက္ကဋ္ဌ ပေါက်ယူချန်း (ပုံကြီး)၊ ဒုတိယဥက္ကဋ္ဌ ပေါက်ယူလျံ (ပုံသေး-ဝဲ)နှင့် UWSA ဒုတိယစစ်ဦးစီးချုပ် ကျောက်ကျုံတန် (ပုံသေး-ယာ) တို့ ဖြစ်ကြသည်။







Facebook/kokang123 (果敢资讯网)

**ပေါက်အိုက်ခမ်းဟာ UWSP ကို ဦးဆောင်နေတဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်ရဲ့သားဖြစ်ပြီး ကျောက်အိုက်နပ်လိုင်ကတော့ (UWSP တည်ထောင်သူနဲ့ ခေါင်းဆောင်ဟောင်းတဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်က ကွယ်လွန်သွားတဲ့) ကျောက်ညီလိုင်ရဲ့သား ဖြစ်ပါတယ်။** ကျောက်အိုက်နပ်လိုင်ရဲ့ နံဘေး ညာဘက်ခြမ်းမှာ UWSP ရဲ့ ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင် ပေါက်ကျင်းလုံကနေရာယူခဲ့ပြီး သူ့နံဘေး ညာဘက်ခြမ်းမှာတော့ ဥက္ကဋ္ဌ ပေါက်ယူချန်ရဲ့ ကိုယ်ရေးအရာရှိအတွင်းရေးမှူး **ဟဲဖျင်**က နေရာယူခဲ့တာတွေ့ရပါတယ်။ ဟဲဖျင်ဟာ အခုအစည်းအဝေးမှာ တဦးတည်းသော အမျိုးသမီးအဖြစ်နဲ့ရော လူငယ်မျိုးဆက် ခေါင်းဆောင်တဦးအနေနဲ့ပါ မြင်တွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ပေါက်အိုက်ခမ်းရဲ့ နံဘေးဘယ်ဘက်မှာ ထိုင်ခဲ့သူတွေက ဗဟိုကော်မတီဝင်နဲ့ တရားစီရင်ရေးဌာနအတွင်းရေးမှူး **လီရန်ရှင်း**ဖြစ်ပြီး သူ့နံဘေး ဘယ်ဘက်ခြမ်းမှာထိုင်နေသူက အရံဗဟိုကော်မတီဝင် ပေါက်စန်းကားဖြစ်ပါတယ်။

UWSA ဘက်မှာ လူငယ်မျိုးဆက် မျက်နှာသစ်ခေါင်းဆောင်တွေကို မြင်လာရတာဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ISP-Myanmar ကဖော်ပြခဲ့တဲ့ ကနဦးသုံးသပ်ချက် (OnPoint) အမှတ်-၁၇ မှာပါတဲ့ အချက်အလက်တွေနဲ့လည်း ဆက်စပ်စဉ်းစားနိုင်ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇' နဲ့ ဆက်စပ်ပြီး စစ်ဆင်ရေးနောက်ခံနဲ့ စစ်ပွဲကအချက်ပေးနေပုံ (Signaling Effects) တွေကို ဖော်ပြခဲ့တဲ့ အဲဒီသုံးသပ်ချက်မှာ တရုတ်အစိုးရအနေနဲ့ ရှမ်းမြောက်ဒေသတွင်းမှာ အာဏာချိန်ခွင်လျှာအပြောင်းအလဲ၊ ခေါင်းဆောင်မှုအပြောင်းအလဲ ပြန်လုပ်တာ (Power Reconfiguration) ကိုလည်း အချက်သုံးချက်နဲ့ ဆစ်ပိုင်းခဲ့ပါတယ်။ ဒီသုံးချက်ထဲမှာ ပထမအချက်က ကိုးကန့်ဒေသတွင်းမှာ ပယ်ဆောက်ချိန်နဲ့ လက်ရှိခေါင်းဆောင်မှုကို ဖယ်ပြီး လူသစ်လဲကစားချင်တာ၊ ဒုတိယအချက်က နောက်ခံအခြေအနေမှာ အမျိုးသားရေးဦးထောင်လာတဲ့ 'ဝ'ကို ကျားဖြန့်ကိစ္စနဲ့ဆက်စပ်ပြီး ရှောင်ရန်-ဆောင်ရန် သတင်းပါးတာ၊ နောက်ဆုံး တတိယအချက်က သံလွင်အရှေ့ခြမ်းမှာ လူဦးရေကအစ စီးပွားရေးအဆုံး တရုတ်အကျိုးစီးပွား ခိုင်မြဲအောင်တည်ဆောက်တာ စသဖြင့် နားလည်နိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။

အဲဒီသုံးချက်ထဲက ဒုတိယအချက်ဖြစ်တဲ့ 'ဝ'နဲ့ သက်ဆိုင်တဲ့အချက်ဟာ မျိုးဆက်သစ်ခေါင်းဆောင်ပိုင်း အပြောင်းအလဲနဲ့လည်း သက်ဆိုင်ပါတယ်။ 'ဝ'နဲ့ပတ်သက်လာရင် တရုတ်နိုင်ငံဘက်က လက်ရှိခေါင်းဆောင်မှု၊ မျိုးဆက် ဆက်ခံမှုနဲ့ မျိုးဆက်သစ် 'ဝ' ခေါင်းဆောင်ပိုင်းတွေအကြား 'ဝ'အမျိုးသားရေးစိတ်ဓာတ်တွေ အားကောင်းလာပြီး 'တရုတ်စကား နားထောင်မှု အားနည်းသွားနိုင်တယ်'ဆိုတဲ့ အခြေအနေမျိုး ဖြစ်လာတာကို တရုတ်အစိုးရက သဘောကျပုံမရဘူးလို့ ISP OnPoint အမှတ်-၁၇ မှာပဲ ဖော်ပြခဲ့ပါတယ်။

ISP-Myanmar ရဲ့ သုတေသနပြု တွေ့ရှိချက်တွေအရလည်း ‘ဝ’မျိုးဆက်သစ် ခေါင်းဆောင်ပိုင်းအပြောင်းအလဲမှာ လုံးလုံးလျားလျား တရုတ်အလိုကျ ‘ဗောင်းတော်ညိတ် စိတ်တော်သိ’ လုပ်ရတဲ့ အခြေအနေထဲကနေ ရုန်းထွက်ပြီး ‘ဝ’အမျိုးသားရေးကိုပဲ ရှေ့တန်းတင်လိုသူတွေ နေရာပိုရလာတာ တွေ့ရပါတယ်။ ဥပမာ- MNDAA နဲ့ တွေ့ဆုံမှုမှာ တဦးတည်းသော အမျိုးသမီးအဖြစ်ရော၊ ရှေ့တန်းက ထိုင်ခွင့်ရခဲ့သူလည်းဖြစ်ခဲ့တဲ့ ဟဲဖျင်ဟာ ‘ဝ’မြို့တော် ပန်ဆန်းမှာပဲမွေးပြီး ပန်ဆန်းမှာပဲ ကြီးပြင်းခဲ့သူဖြစ်တယ်လို့ သိရပါတယ်။ သူ့လိုပဲ အခြား မျိုးဆက်သစ်ခေါင်းဆောင်တွေမှာလည်း တရုတ်နိုင်ငံနဲ့တွဲပြီး အမြင်ခံနေရတာထက် အမျိုးသားရေးစိတ်အခြေခံ သီးသန့်ရပ်တည်လိုသူတွေ ပါဝင်နေပါတယ်။

## မိုင်းလားဒေသသို့လည်း သွားရောက်ခဲ့

MNTJP/MNDAA ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်တာ့ရှင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မိုင်းလားအထူးဒေသ-၄ သို့လည်း သွားရောက်ခဲ့သည်။ MNDAA ကိုယ်စားလှယ်အဖွဲ့အား မိုင်းလားအဖွဲ့၏ လူငယ်မျိုးဆက်ဟုဆိုရမည့် ဒုတိယဥက္ကဋ္ဌ ဦးထိန်လင်း (မိုင်းလားအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်း၏သား)က ဦးဆောင်ကြိုဆိုခဲ့သည်။ ဆွေးနွေးပွဲလုပ်ချိန်တွင်လည်း ဒုတိယဥက္ကဋ္ဌ ဦးထိန်လင်းသည် နောက်ထပ် ဒုတိယဥက္ကဋ္ဌတဦးဖြစ်သော ဦးစံပေ့နှင့်အတူ ဦးဆောင်ပါဝင်ခဲ့သည်။ ကိုးကန့်အဖွဲ့ကထုတ်ပြန်ခဲ့သော ဓာတ်ပုံမှတ်တမ်းများထဲတွင် မိုင်းလားအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်းကို မြင်တွေ့ခဲ့ရခြင်းမရှိပါ။



Facebook/kokang123 (果敢资讯网)

မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNTJP/MNDAA)နှင့် မိုင်းလားအထူးဒေသ-၄ (NDAA)တို့အကြား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သော တွေ့ဆုံမှု။

နောက်ထပ် သတိပြုစရာက စစ်အာဏာသိမ်းမှုအလွန် နွေဦးတော်လှန်ရေးနဲ့အတူ Generation Z လို လူငယ်မျိုးဆက်သစ်တွေ ပေါ်ထွက်လာခဲ့သလို တိုင်းရင်းသားလက်နက်ကိုင်တွေ (EAOs) ဘက်မှာလည်း လူငယ်မျိုးဆက်သစ်ခေါင်းဆောင်တွေ နေရာရလာတာနဲ့အတူ ‘ဝ’မှာလို မျိုးဆက်အပြောင်းအလဲတွေ ဖြစ်ပါတယ်။ ညီနောင်မဟာမိတ်တွေဖြစ်ကြတဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့်တပ်တော် (AA) နဲ့ ကိုးကန့် (MNDAA) တို့ရဲ့ ခေါင်းဆောင်မှုပိုင်းမှာလည်း လူငယ်လူလတ်ပိုင်းတွေကို မြင်ရပါတယ်။ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) အပါအဝင် ဗမာပြည်သူ့လွတ် မြောက်ရေးတပ်တော် (BPLA) နဲ့ ဒေသအနှံ့က ကာကွယ်ရေးတပ် (PDF /LDF) တွေမှာလည်း လူငယ်လူလတ်ပိုင်းတွေရဲ့ ဦးဆောင်မှုတွေကို အထင်အရှားမြင်ရပါတယ်။ မျိုးဆက်ပြောင်းလဲတာနဲ့အတူ မျိုးဆက်ကွာဟမှုကြီးမားလာတဲ့အခါ ရှုမြင်ပုံတွေလည်း မတူကြတော့ပါဘူး။

စစ်ကောင်စီကတော့ ‘ဝ’အပါအဝင် အခုလို မျိုးဆက်အပြောင်းအလဲဖြစ်လာတဲ့ အခြေအနေတွေအပေါ် နားလည်ပုံမရပါဘူး။ သမိုင်းအရလည်း ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှုကို ဦးဆောင်ခဲ့တဲ့ စစ်ခေါင်းဆောင်တွေနဲ့ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုကိုလုပ်ခဲ့တဲ့ စစ်ခေါင်းဆောင်တွေအကြား အသက်အရွယ်မတူကြတာကို မြင်နိုင်ပါတယ်။ ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းချိန်က နဝတ/နအဖ စစ်အစိုးရကို ခေါင်းဆောင်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အဲဒီအချိန်မှာ အသက် ၅၅ နှစ်ပဲ ရှိပါသေးတယ်။ အတွင်းရေးမှူးဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အသက် ၄၈ နှစ်ပဲ ရှိပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းတဲ့အချိန်မှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အသက် ၆၅ နှစ်ရှိပါပြီ။ အသက်အရွယ်အရကြည့်ရင်ကို နဝတ/နအဖ ကာလတုန်းက စစ်ခေါင်းဆောင်တွေလို တက်ကြွမှု၊ လက်ဦးမှုယူ စဉ်းစားဦးဆောင်မှု၊ လမ်းသစ်ထွင်လိုမှု၊ သွက်လက်ဖျတ်လတ်မှုတွေက မတူညီနိုင်တော့ပါဘူး။ ဒါကို ၁၉၈၈-၈၉ ခုနှစ်အချိန်က စစ်ခေါင်းဆောင်တွေရဲ့ လုပ်ကိုင်ပုံတွေနဲ့ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ အဲဒီတုန်းက ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)ကနေ ခွဲထွက်လာတဲ့ ကိုးကန့်၊ ‘ဝ’ စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို ဦးဆောင်သူတွေဟာ ခေတ်ပြိုင် စစ်ခေါင်းဆောင်တွေဖြစ်တဲ့ ဦးသန်းရွှေ၊ ဦးခင်ညွန့်တို့နဲ့ အသက်မတိမ်းမယိမ်းတွေလို့ ဆိုနိုင်ပါတယ်။ မျိုးဆက်တူတွေဖြစ်လို့ ရှုမြင်ပုံတွေလည်း မကွာခဲ့ပါဘူး။ ဒါကြောင့် မြန်မာ့သမိုင်းမှာ တခါမှ မရှိဖူးတဲ့ အပစ်အခတ်ရပ်စဲရေးအစီအမံဖြစ်တဲ့ လက်နက်ကိုဆက်ကိုင်ထား၊ ကိုယ့်နယ်မြေ တိုးတက်ရေးအတွက် စစ်အစိုးရနဲ့တွဲလုပ်၊ မူးယစ်ဆေးအပါအဝင် စီးပွားရေးပေါင်းစုံလုပ်၊ ငွေကြေးခဝါချခွင့်ပြု စတဲ့ အပစ်အခတ်ရပ်စဲရေးအခြေပြု အရင်းရှင်စနစ် (Ceasefire Crony Capitalism) ကို နဝတစစ်အစိုးရက အသက်သွင်းလိုက်တဲ့အခါ ရှမ်းမြောက်ဒေသတင်မက တတိုင်းပြည်လုံးရဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကိုပါ ပုံစံပြောင်းလဲစေခဲ့ပါ

တယ်။ အခု စစ်ကောင်စီဥက္ကဋ္ဌနဲ့ စစ်ခေါင်းဆောင်တွေရဲ့ လုပ်ပုံကိုင်ပုံတွေကတော့ အသက်ကြီးလာခြင်းနဲ့အတူ ရှေးရိုးစွဲဆန်တာတွေကိုပဲ မြင်ရပါတယ်။ ဆုံးဖြတ်ပုံနဲ့ လုပ်နည်းလုပ်ဟန်တွေကလည်း ခေတ်နဲ့လျော်ညီခြင်းမရှိတော့ဘဲ အရင် စစ်ခေါင်းဆောင်ဟောင်းတွေ လုပ်ခဲ့ပြီးသားတွေကိုပဲ တကျော့ပြန်နေပါတယ်။ မြန်မာစစ်တပ်နဲ့ စစ်ခေါင်းဆောင်တွေရဲ့ အာဏာလောဘဟာ ဦးတည်ချက်မှာတူစေဦးတော့ လက်ရှိ စစ်ကောင်စီခေါင်းဆောင်တွေကတော့ ကြီးလေးတဲ့အကျပ်အတည်းအသစ်ကို အဖြေအဟောင်း၊ မူဘောင်အဟောင်းထဲကနေ ဖြေရှင်းဖို့ ကြိုးစားနေတာ သတိပြုနိုင်ပါတယ်။

ပုံမှန်အခြေအနေမှာလည်း မျိုးဆက်ဟောင်းတွေဟာ အခြေအနေအရပ်ရပ်မှာ ပိုနေမြဲကျားနေမြဲ (status quo) အထိုင်မှာသာ နေလိုပေမဲ့ လူငယ်မျိုးဆက်တွေကတော့ နဂိုအထိုင်ကို ပြောင်းလဲပြီး စိတ်ကူးသစ်တွေနဲ့ စွန့်စားရတာ (risk) ကို ပိုလုပ်ချင်ကြပါတယ်။ သူတို့ကြိုးပမ်းလုပ်ဆောင်ချက်တွေ အောင်မြင်မှုရလာတဲ့အခါမှာ သူတို့ရဲ့ ရွေးချယ်မှုတွေအပေါ် ယုံကြည်စိတ်လည်း ခိုင်မာလာကြပါတယ်။ ဒါကို ‘မင်းပျိုမင်းလွင်’တွေရဲ့ မာန်တက်ကြွမှုမျိုးနဲ့ ISP-Myanmar က နှိုင်းယှဉ်တင်စားလိုတာပါ။ ဒီလိုအခြေအနေမှာ လက်ရှိပဋိပက္ခကို ဖြေလျှော့ရေးက ခက်ခဲနိုင်သလို လုပ်တိုင်းအောင်မြင်နေတဲ့သူတွေအဖို့ သူတို့ရဲ့စွန့်စားရမှုတန်ဖိုးကိုလည်း ပိုလို့ ဘဝင်ဂုဏ်ထူးဆောင်နေနိုင်ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးပြီးကာလ မြန်မာနိုင်ငံရဲ့ပဋိပက္ခကို ရင်ဆိုင်ကြစဉ်မှာ အစိုးရနဲ့ တော်လှန်ပုန်ကန်သူတို့အကြား လွတ်လပ်ရေးအတူတိုက်ပွဲဝင်ခဲ့ကြတယ်ဆိုတဲ့ သံယောဇဉ်တစုံတရာ ရှိခဲ့ကြပါတယ်။ ထောက်ထားငဲ့ညှာစရာတွေ ရှိကြပါတယ်။ အခုအချိန်မှာတော့ မြန်မာစစ်တပ်ခေါင်းဆောင်တွေနဲ့ နောက်ပေါက် ‘မင်းပျိုမင်းလွင်’ ဆန့်ကျင်အန်တုနေသူတွေအကြားမှာ သံယောဇဉ်ရော၊ အချိတ်အဆက်ပါ မရှိသလောက် ဖြစ်နေနိုင်ပါတယ်။ ဘာမှ ထောက်ထားစရာမရှိနိုင်ပါဘူး။ မျက်နှာချင်းမဆိုင်ဖူး၊ မဆုံဖူးကြသူတွေအဖို့ မျက်နှာပြန်ကြည့်ဖို့မလိုတဲ့ အခြေအနေမျိုးအထိ တဖက်နဲ့တဖက် လက်ကုန်အပြတ်ရှင်းဖို့ဆိုတာလည်း မခက်ခဲလှပါဘူး။ ဒါဟာ ပဋိပက္ခမောင်းနှင်အားအသစ်တခု ဖြစ်ပေါ်လာနေတာပါ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစကာလ အာဏာလေဟာနယ်ကို အင်အားစုအသီးသီးက အပြိုင်အဆိုင်ဖြည့်ကြဖို့ ကြိုးစားခဲ့ကြတဲ့ အခြေအနေမျိုးနဲ့ ခိုင်းနှိုင်းနိုင်ပါတယ်။ ဒီလိုမျိုးဆက်အပြောင်းအလဲဟာ စစ်ကောင်စီအပါအဝင် ပဋိပက္ခမှာပါဝင်နေတဲ့ အခြားသောဇာတ်ကောင်တွေ၊ မြန်မာ့အရေးကို စိတ်ဝင်စားတဲ့ အိမ်နီးချင်းနိုင်ငံတွေအတွက် အထူးအလေးထားစောင့်ကြည့်ရမယ့်အခြေအနေ ဖြစ်တာကြောင့် ဒီအကြောင်းအရာတွေကို အပိုင်းလိုက်ခွဲပြီး အခါအားလျော်စွာ ဖော်ပြသွားပါမယ်။ ■

## အလေးပေးဖော်ပြလိုသည်များ

**SPOTLIGHTS**

အခြား သတိပြုစရာ အကြောင်းအချက်များကိုလည်း သံခိပ်သဘော ပြောပြလိုသဖြင့် ‘အလေးပေးဖော်ပြလိုသည်များ (Spotlights)’ ကဏ္ဍကို ထည့်သွင်းထားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဖြစ်ခဲ့သော အကြောင်းအရာများအနက် **သတိပြုစရာ ငါးခု**ကို ကောက်နုတ်ဖော်ပြထားပါသည်။

---

### မြန်မာအတွက် ပုပ်ရဟန်းမင်းကြီး၏ သတင်းစကား

အရှေ့အလယ်ပိုင်း၊ ယူကရိန်း၊ ဟေတီနဲ့ မြန်မာနိုင်ငံတို့မှာ ခံစားနေကြရတဲ့ ဒုက္ခတွေအတွက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကမ္ဘာတလွှားကို သတင်းစကားပါးလိုက်ပါတယ်။ “စစ်ပွဲတွေဟာ လူတွေအတွက် ဘေးဆိုးကြီးဖြစ်သလို လူသားမျိုးနွယ်အတွက်လည်း ဆုံးရှုံးမှုကြီးဖြစ်တယ်” ဆိုပြီး ဇန်နဝါရီ ၂၈ ရက်မှာ ပြောကြားတဲ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ညီညွတ်ငြိမ်းချမ်းဖို့ရာအတွက် ဘက်အားလုံးအနေနဲ့ တဆင့်ပြီးတဆင့် ဆွေးနွေးအဖြေရှာကြဖို့ကို တိုက်တွန်းခဲ့သလို အကူအညီလိုအပ်နေသူတိုင်းဆီကို လူသားချင်းစာနာမှုအကူညီတွေပေးကြဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။ “မြန်မာပြည်သူတွေရဲ့ လက္ခဏာဖြစ်တဲ့ အပြုံးတွေနေရာမှာ နာကျင်ငိုကြွေးသံတွေနဲ့ လက်နက်သံတွေ အစားထိုးနေရာယူခဲ့တာ သုံးနှစ်ကြာခဲ့ပြီ”လို့ ဆိုပါတယ်။

### အာဆီယံအပေါ် သဘောထားပျော့လာသည့် စစ်ကောင်စီ

လာအိုနိုင်ငံမှာ ဇန်နဝါရီ ၂၈ နဲ့ ၂၉ ရက်တွေမှာ ကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အစည်းအဝေးကို စစ်ကောင်စီက ကိုယ်စားလှယ်တဦးစေလွှတ်ပြီး တက်ရောက်စေခဲ့ပါတယ်။ ဒါဟာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးရာထူးမရှိတဲ့ ကိုယ်စားလှယ်တဦးကို စစ်ကောင်စီက ပထမဆုံးအကြိမ် စေလွှတ်ခဲ့တာဖြစ်ပါတယ်။ ဒီမတိုင်ခင်ကတော့ စစ်ခေါင်းဆောင်တွေအစား နိုင်ငံရေးရာထူးမရှိတဲ့ ကိုယ်စားလှယ်ကိုပဲ တက်ခွင့်ပေးတဲ့ အပေါ် စစ်ကောင်စီကဝေဖန်ခဲ့ပါတယ်။ အခုနှစ်ဆန်းပိုင်းမှာ လာအိုရဲ့ အာဆီယံအထူးကိုယ်စားလှယ်ဟာ မြန်မာနိုင်ငံကို သွားရောက်ပြီး စစ်ခေါင်းဆောင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီနောက်မှာတော့ စစ်ကောင်စီဟာ ကိုယ်စားလှယ်စေလွှတ်ဖို့ ဖြစ်လာခဲ့ပါတယ်။ အခုအစည်းအဝေးအပြီး ထုတ်ပြန်တဲ့ကြေညာချက်မှာ မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးအတွက် တူညီဆန္ဒငါးရပ် (5PC) ကို ဆက်လက်ကိုင်စွဲထားတယ်လို့ ဖော်ပြခဲ့ပါတယ်။

## ● ခြံအမှတ် ၅၄ အား လေလံတင်ရန်အမိန့်ချ

အကျဉ်းချခံထားရတဲ့ နိုင်ငံတော်အတိုင်ပင်ခံဟောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို လေလံတင်မယ်လို့ စစ်ကောင်စီတရားရုံးက ဇန်နဝါရီ ၂၅ ရက်မှာ အမိန့်ချလိုက်ပါတယ်။ နှစ်ဧကနီးနီးကျယ်တဲ့ ခြံနဲ့အိမ်ကို ကြမ်းခင်းဈေး ကျပ် ၃၁၅ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၉၀) သတ်မှတ်ထားတယ်လို့ ဆိုပါတယ်။ နှစ်ပေါင်း ၂၀ ကျော်ကြာ အမွေဆိုင်အငြင်းပွားနေတဲ့အမှုကို စစ်ကောင်စီတရားရုံးက ဆုံးဖြတ်ပေးလိုက်တာမှာ ဥပဒေကြောင်းအရ ဝေဖန်သံတွေလည်း ညံနေပါတယ်။ ခြံကို မောင်နှမနှစ်ယောက် တယောက်တပိုင်း ခွဲယူကြဖို့ ၂၀၁၆ ခုနှစ်မှာ တရားရုံးက ဆုံးဖြတ်ခဲ့ပေမဲ့ မြေကိုမခွဲဘဲ ရောင်းလို့ရတဲ့ပိုက်ဆံကိုပဲ တဝက်စီခွဲချင်တယ်ဆိုပြီး အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက မကျေမနပ်ဖြစ်နေခဲ့တာပါ။ ဒါကို အမြင့်ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ အထူးအယူခံ တက်ခဲ့ပါတယ်။ ဒါပေမဲ့ ပယ်ချခံခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ပါတီအစိုးရကို စစ်တပ်က ဖြုတ်ချအာဏာသိမ်းလိုက်ချိန်မှာတော့ နောက်တကြိမ် အထူးအယူခံတင်ပြန်ပါတယ်။ ဒီအခါမှာတော့ ဦးအောင်ဆန်းဦးကို အနိုင်ပေးခဲ့တာပါ။ တရားပြိုင်နှစ်ဖက်မှာ တဖက်က အကျဉ်းချခံထားရချိန်လည်းဖြစ်၊ ကိုယ်တိုင်ချေပခွင့်လည်းမရ၊ ရှေ့နေတွေနဲ့လည်း တွေ့ခွင့်မရတဲ့အခြေအနေမှာ အခုလိုဆုံးဖြတ်လိုက်တာက ဥပဒေနဲ့မညီဘူးလို့ တရားရေးဘက်က ပုဂ္ဂိုလ်တွေရဲ့ ဝေဖန်မှုတွေလည်း ရှိနေပါတယ်။ လေလံပွဲဟာ မတ်လထဲမှာ လုပ်ဖို့ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုတုံ့ပြန်မယ်ဆိုတာ မသိရသေးပါဘူး။ သမ္မတ အိုဘားမားကစလို့ နိုင်ငံတကာခေါင်းဆောင်တွေရော၊ ပြည်တွင်းနိုင်ငံရေးသမားနဲ့ အနုပညာရှင်တွေ ဝင်ထွက်လည်ပတ်ဖူးရာ အခုခြံကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က အမျိုးသားအဆင့် မြန်မာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားပါတယ်။ လေလံတင်ရောင်းချရာမှာ ပါဝင်ပတ်သက်သူတွေကို အရေးယူသွားမယ်လို့လည်း NUG က ပြောထားပါတယ်။

## ● စစ်ရေးမြင်ကွင်းကျယ်

ထားဝယ်မြို့နယ် ဘန်းချောင်းဒေသမှာရှိတဲ့ စစ်ကောင်စီရဲ့ ကျောက်ထုစခန်းကို ကရင်နဲ့ တော်လှန်ရေးတပ်တွေက တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။ ဇန်နဝါရီ ၂၃ ရက်ညနေပိုင်းမှာ စတင်ခဲ့တဲ့ အဲဒီတိုက်ပွဲဟာ ၂၄ နာရီကြာ တိုက်ခိုက်ခဲ့ရပြီး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်ရင်းတွေနဲ့ ဒေသအခြေစိုက် ပြည်သူ့ကာကွယ်ရေးတပ်(PDF) ပူးပေါင်းပြီး ဆင်နွှဲခဲ့ကြတာလို့ ဆိုပါတယ်။ အခုစခန်းသိမ်းနိုင်မှုဟာ တနင်္သာရီတိုင်းထဲမှာ ဈေးဦးပေါက်သွားတဲ့ စခန်းသိမ်းနိုင်မှုဖြစ်ပါတယ်။ အလားတူပဲ ရှမ်းပြည်တောင်ပိုင်းမှာလည်း

သေနတ်တွေ ပေါက်ခဲ့ပါပြီ။ NCA အပစ်ရပ်စာချုပ်လက်မှတ်ထိုးထားတဲ့ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO/PNLA)ဟာ ဆီဆိုင်မြို့အခြေစိုက် စစ်ကောင်စီတပ်ရင်းတွေကို ဇန်နဝါရီ ၂၆ ရက်မှာ ဝင်တိုက်ခိုက်ခဲ့ပြီးနောက် မြို့ကို ထိန်းချုပ်ခဲ့ပါတယ်။ PNLO နဲ့ အတူ တခြားပအိုဝ်းအဖွဲ့တွေနဲ့ ကရင်နီတော်လှန်ရေးအဖွဲ့တွေ အတူပါဝင်ခဲ့တာပါ။ ဒါဟာ ရှမ်းမြို့တော် တောင်ကြီးအနားထိ တိုက်ပွဲတွေနီးကပ်လာတာပါ။ ရက်မကြာမီမှာပဲ စစ်ကောင်စီရဲ့ ဘက်စုံသုံးရဟတ်ယာဉ် မောင်းနှင်သူကို ကရင်တော်လှန်ရေးအုပ်စုတွေက စနိုက်ပါနဲ့ ပစ်နိုင်ခဲ့တာကြောင့် ရဟတ်ယာဉ်ပျက်ကျပြီး တပ်မမှူးအပါအဝင် အရာရှိတချို့ သေဆုံးခဲ့ပါတယ်။ တဖက်မှာတော့ KIA နဲ့ PDF တွေထိန်းချုပ်ထားတဲ့ မိုးမိတ်မြို့ကို စစ်ကောင်စီက ထိုးစစ်ဆင်ပြီး ပြန်ရယူသွားခဲ့ပါတယ်။ KIA ဟာ စစ်ကောင်စီရဲ့ စခန်းတွေဖြစ်တဲ့ စစ်ကိုင်းနယ်စပ်အနားက မန့်ဝိန်းကြီးစခန်းနဲ့ ကွတ်ခိုင်-မူဆယ်လမ်းပေါ်က နမ့်ဖက်ကာစခန်းတို့ကို ပြီးခဲ့တဲ့ရက်တွေထဲမှာ သိမ်းယူခဲ့ပါသေးတယ်။ တိုက်ပွဲတွေ ပြန်ဖြစ်လာတာ နှစ်လကျော် ကြာခဲ့ပြီဖြစ်တဲ့ ရခိုင်ပြည်နယ်မှာ အပစ်ရပ်နိုင်ဖို့ တရုတ်နိုင်ငံအနေနဲ့ ကြိုးပမ်းနေတယ်ဆိုတဲ့ သတင်းကိုလည်း တွေ့ရပါတယ်။ တရုတ်နိုင်ငံက ကြားဝင်ခဲ့တာကြောင့် ရှမ်းမြောက်မှာတော့ ပြင်းထန်တိုက်ပွဲတွေ လျော့သွားခဲ့ပါပြီ။

## ● ပင်လယ်ပြင်ထဲ သေဆုံးနေရသည့် ရိုဟင်ဂျာများအရေး

၂၀၂၃ ခုနှစ်ထဲမှာ ပင်လယ်ပြင်ထဲဖြတ်ကူးပြေးတဲ့ လှေစီးပြေးရိုဟင်ဂျာ ၅၆၉ ဦး သေဆုံး (ပျောက်ဆုံး)ခဲ့တယ်လို့ ဇန်နဝါရီ ၂၃ ရက်မှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က ထုတ်ပြန်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် ၂၀၀ ကျော် ပိုလာတဲ့အခြေအနေပါပဲ။ ဘဝသစ်ရှာဖို့ ဒုက္ခသည်စခန်းကနေ ရေကြည်ရာမြက်နုရာကို စွန့်စားထွက်ပြေးလာကြသူတွေဖြစ်ပြီး အက်ဒမန်ပင်လယ်နဲ့ ဘင်္ဂလားပင်လယ်ပြင်တွေထဲမှာ ပျောက်ဆုံးသွားခဲ့ကြတာပါ။ ပြီးခဲ့တဲ့ တနှစ်တာအတွင်း ရိုဟင်ဂျာ ၄,၅၀၀ လောက် ပင်လယ်ဖြတ်ကူးခဲ့ကြတယ်လို့ ကုလစာရင်းမှာဖော်ပြပါတယ်။ အများစုက ကလေးနဲ့ အမျိုးသမီးတွေဖြစ်ကြပါတယ်။ ကြိတ်နှုန်းအနေနဲ့ ရှစ်ယောက်မှာတယောက်ဟာ ပင်လယ်ရေပြင်ထဲမှာ ပျောက်ဆုံးနေကြရတာပါ။ ဒီလိုဖြစ်နေတာတွေကို အရေးတကြီးကိုင်တွယ်ဖို့လိုပြီလို့ UNHCR က သတိပေးပါတယ်။ လှေပေါ်မှာရှင်ကျန်ရစ်လို့ ကမ်းကပ်နိုင်ခဲ့ကြသူတွေမှာလည်း လိင်ပိုင်းအပြင် အခြားစော်ကားမှု၊ ဖိနှိပ်မှုတွေကို ကြုံကြရပါတယ်။ ဒါ့အပြင် ကမ်းပေါ်ကို အတက်မခံတာမျိုးတွေလည်း ရှိနေကြပါတယ်။ ဝမ်းနည်းဖွယ်အဖြစ်ဆိုးတွေ ထပ်ပြီးမဖြစ်ရစေဖို့ ဒေသတွင်းက ကမ်းရိုးတန်းအာဏာပိုင်တွေအနေနဲ့ ကယ်တင်ပေးကြဖို့ကိုလည်း UNHCR က တိုက်တွန်းပါတယ်။ ■

## အာရုံစိုက်ထိုက်သော စာကိုးစကားကိုး

QUOTE OF THE WEEK

‘ဆန်ကို လိုသလောက်ဝယ်မရသလို ဈေးလည်းကြီးတော့
စပါးတတင်းကို နှစ်သောင်းနဲ့ဝယ်ပြီး ထောင်းစားနေရတယ်။
လက်ထောင်းမောင်းဆုံတွေနဲ့ ထောင်းစားနေရတော့ ရှေးခေတ်ကလိုပေါ့။
ဆန်တပြည်ရဖို့ မိနစ် ၂၀ ကျော်ကြာတယ်’

နတ်တလင်းမြို့နယ်မှ
စစ်ဘေးရှောင်တဦး

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က မြေလတ်အသံသတင်းဌာနက ဖော်ပြခဲ့သော
**'ဆန်ရှားပြီး ဈေးကြီးတာကြောင့် နတ်တလင်းကစစ်ရှောင်တွေ စပါးထောင်းပြီးစားနေရ'** သတင်းမှ ကောက်နုတ်ချက်။

ISP-Myanmar ရဲ့ ဖော်ပြချက်တွေကို
Telegram Channel မှာလည်း ဖတ်ရှုနိုင်ပါတယ်။

ISP Telegram

# ငွေကြေးဖောင်းပွမှု-ပစ္စည်းအားလုံး ဈေးကြီးလာခြင်း

၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း
၄၀ ရာခိုင်နှုန်းခန့်အထိ မြင့်တက်နေမည်ဟု Economist Intelligence Unit (EIU) က ခန့်မှန်းထားသည်။

လတ်တလောနှစ်တွေမှာ ငွေကြေးဖောင်းပွမှု အကျပ်အတည်းကို ကမ္ဘာ့နိုင်ငံအတော်များများ ကြုံတွေ့ခဲ့ရပါတယ်။ အကြောင်းကတော့ လောင်စာစွမ်းအင်ဈေး ကြီးမြင့်လာတာ၊ စားသောက်ကုန်ဈေး မြင့်လာတာ၊ ဘဏ္ဍာရေးစနစ် မတည်ငြိမ်တာတွေနဲ့ စားသုံးသူတွေအကြား စိတ်မလုံခြုံတာတွေ၊ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကြုံရလို့ နိုင်ငံအများက ကယ်ဆယ်ရေးနဲ့ စီးပွားရေးနိုးထမှုအတွက် ငွေကြေးတွေ ဖောဖောသီသီ ချသုံးခဲ့ရတာ စတဲ့ပြဿနာတွေ ပေါင်းဆုံခဲ့တာကြောင့်ဖြစ်ပါတယ်။ဗင်နီဇွဲလားနိုင်ငံဆိုရင် ၂၀၂၃ ခုနှစ်မှာ ငွေကြေးဖောင်းပွမှု ၃၆၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ တူရကီနိုင်ငံက ငွေကြေးဖောင်းပွမှုနှုန်း ၈၅ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်မှာတော့ ကမ္ဘာ့ငွေကြေးဖောင်းပွမှုနှုန်းဟာ ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုပြဿနာက သူများတွေနဲ့ တူညီတာတွေရှိသလို တမျိုးတဘာသာလည်း ဖြစ်ပါတယ်။ Economist Intelligence Unit (EIU) ရဲ့ ခန့်မှန်းတွက်ချက်မှုတွေအရ ၂၀၂၄-၂၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက ၇ ဒသမ ၆ ကနေ ၁၅ ဒသမ ၈ ရာခိုင်နှုန်းအကြား ရှိနေမယ်လို့ ဆိုပါတယ်။ နှစ်တခုချင်းအလိုက် ငွေကြေးဖောင်းပွမှု နှိုင်းယှဉ်ချက်မှာတော့ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်မှာ ၄၀ ရာခိုင်နှုန်းလောက်အထိ မြင့်တက်နေမယ်လို့ ဆိုပါတယ်။

သိသာတဲ့အချက်က ပစ္စည်းတွေအကုန် ဈေးကြီးကုန်တာပါပဲ။ မြန်မာနိုင်ငံမှာ ပဋိပက္ခတွေကလည်း ကျယ်ပြန့်မြင့်မားစွာ ဖြစ်နေပါတယ်။ အရင်နှစ် ဒီဇင်ဘာလထဲမှာ နိုင်ငံခြားငွေလဲနှုန်းတန်ဖိုးကို စစ်ကောင်စီက ဖြေလျှော့လိုက်ပါတယ်။ အဲဒီအချက်တွေက ငွေကြေးဖောင်းပွမှုအပေါ် သက်ရောက်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းချိန်ကစလို့ ငွေကြေးဖောင်းပွမှုဟာ တိုးသထက်တိုးပြီး မြင့်မားလာနေတာပါ။ အဲဒါအပြင် စားသောက်ကုန်ဈေးနှုန်းတွေကလည်း မြင့်မားလာနေပါတယ်။ ဒါပေမဲ့ ဈေးနှုန်းကို အာဏာနဲ့ ကန့်သတ်ထိန်းချုပ်ထားတာ၊ ကုန်ပစ္စည်းတွေ သိုလှောင်ထားဖို့ အခက်အခဲတွေရှိနေတာနဲ့ ပြည်ပတင်ပို့ဖို့ အကန့်အသတ်

ကြီးမားနေတာတွေကြောင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ-အောက်တိုဘာလတွေမှာ ငွေကြေး ဖောင်းပွမှုနှုန်း အတက်နှေးနေခဲ့ပါတယ်။ ဒီဇင်ဘာလထဲမှာတော့ လောင်စာဆီပြတ်လပ် တာတွေနဲ့ ဈေးနှုန်းမြင့်မားတာတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဒီအချက်တွေက ငွေကြေး ဖောင်း ပွမှုနှုန်းတက်စေဖို့ တွန်းပို့နေပါတယ်။

ငွေကြေးဖောင်းပွခြင်းကြောင့် လူမှုရေးနဲ့ နိုင်ငံရေးအရ ဆိုးကျိုးတွေရှိပါတယ်။ ဖောင်းပွပေါ များနေတဲ့ငွေတွေက အနည်းအကျဉ်းသောပစ္စည်းတွေနောက်ကို အတင်းကာရော လိုက် နေကြမယ့် သဘောပါ။ ဒီအခါ ရှားပါးပြတ်လပ်မှုတွေလည်း ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် ပြည်ပကတင်သွင်းရတဲ့ ကုန်ပစ္စည်းတွေနဲ့ ဆေးဝါးမျိုးတွေပါ။ စစ်ကောင်စီအပေါ်လည်း နိုင်ငံရေးအရမကျေနပ်မှုတွေ တိုးလာနိုင်ပါတယ်။ လူမှုဒုက္ခတွေ ဆင့်ကဲခံစားလာရလို့ပါ။ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်မှုတွေနဲ့ အရှေ့အလယ်ပိုင်းဒေသက ပဋိပက္ခတွေဟာ ကိုယ့် ပြည်တွင်းနိုင်ငံရေးနဲ့ ကုစားဖြေရှင်းနိုင်တဲ့ကိစ္စတွေ မဟုတ်ပါဘူး။ စစ်ကောင်စီအဖို့ အစိုးရ ကြွေးမြီတွေကို ငွေကြေးရိုက်ထုတ် ဖြေရှင်းရုံပဲ တတ်နိုင်ပါတယ်။ နိုင်ငံတကာ ဒဏ်ခတ် ပိတ်ဆို့မှုတွေကလည်း လူသုံးကုန်ပစ္စည်းဈေးနှုန်းတွေအပေါ် သက်ရောက်နိုင်ပါတယ်။

ပြည်တွင်း လူသုံးကုန်၊ စားကုန် ဈေးနှုန်းတွေအားလုံး မြင့်တက်နေတာကြောင့် လူအများကို ပိုပြီး ဆင်းရဲနွမ်းပါးစေပါတယ်။ အသက်မွေးဝမ်းကျောင်းဖို့ ခက်ခဲစေပါတယ်။ နောက်ဆက် တွဲအနေနဲ့ ပြည်ပကိုထွက်ပြီး အလုပ်လုပ်ကိုင်ရတဲ့ ရွှေ့ပြောင်းအခြေချမှုတွေလည်း မြင့်မား စေပါတယ်။ ပြည်တွင်းစစ်ကြောင့်လည်း တစိတ်တပိုင်းပတ်သက်ပါတယ်။ ခန့်မှန်းချက်တွေ အရ အခုအခါ ထိုင်းနိုင်ငံမှာ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀ သန်းလောက်တောင် ရှိနေပြီလို့ ဆိုကြပါတယ်။

လျှပ်စစ်မီးပြတ်တောက်မှုကလည်း လုပ်ငန်းကိုင်ငန်းတွေကို ခက်ခဲစေပြီး ထုတ်လုပ်မှုနဲ့ ဝင်ငွေ ကျဆင်းစေပါတယ်။ မေခရိုစီးပွားရေး မတည်ငြိမ်မှုနဲ့ စစ်ပွဲတွေကြောင့် ထုတ်လုပ် ရေးကဏ္ဍဟာ ကြီးကြီးမားမားနှေးကွေးနေမယ်လို့ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု ကမ္ဘာ့ဘဏ်အစီရင်ခံစာမှာဆိုထားပြီး GDP တိုးတက်မှုနှုန်းကလည်း တစ်ရာခိုင်နှုန်းလောက်ပဲ ရှိပါမယ်။ ယေဘုယျအားဖြင့် GDP တိုးတက်ရင် ငွေကြေးဖောင်းပွမှု ဖြစ်တတ်ပါတယ်။ အခုအခြေအနေလို GDP လည်းမတိုးတက်ဘဲ ငွေကြေးဖောင်းပွမှုဖြစ်တဲ့ အခါ Stagflation လို့ခေါ်တဲ့ စီးပွားရေးထိုင်းမှိုင်းခြင်းနဲ့အတူ ငွေကြေးဖောင်းပွမှုကိုပါ ကြုံရ တဲ့ ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ ဒီအခါ အလုပ်လက်မဲ့ဖြစ်ရတာ၊ လုပ်ခငွေ နည်းနည်းနဲ့ အလုပ်ဆက်လုပ်နေရတာမျိုးတွေ ကြုံတွေ့ရနိုင်ပါတယ်။ ■

# ဒါဗို့စ်ညီလာခံနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာကြီး၏ အန္တရာယ်များ

ယူကရိန်းအရေးအပေါ် ကမ္ဘာတဝန်းက စိုးရိမ်ပူပန်မှုကြီးမားနေချိန်
အိမ်နီးချင်း မြန်မာနိုင်ငံ၏ အကျပ်အတည်းကလည်း အာဆီယံနိုင်ငံများအဖို့
ကြီးကြီးမားမား ဖိစီးမှုဖြစ်စေသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ထုတ်ပြောခဲ့သည်။

---

ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum-WEF) ကို ဆွစ်ဇာလန်နိုင်ငံရဲ့ အပန်းဖြေမြို့ကလေး ဒါဗို့စ်မှာ အခု ဇန်နဝါရီလ ၁၅-၁၉ ရက်တွေမှာ ကျင်းပခဲ့ကြပါတယ်။ ဒီညီလာခံက လူသိများသလို ဆန့်ကျင်ပြစ်တင်မှုလည်း များပါတယ်။ အကြောင်းကတော့ ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ ထိပ်သီးပညာရှင်တွေ စုဆုံပြီး ကမ္ဘာ့ဖြစ်ထွန်းရာလမ်းကြောင်းတွေအပေါ် ဆုံးဖြတ်ပြောဆိုရာနေရာ ဖြစ်လို့ပါပဲ။ အဲဒီလို ထိပ်သီးရေပေါ်ဆီလူနည်းစုကပဲ ကမ္ဘာကြီးကိုမောင်းနှင်နေကြတယ်လို့တောင် ဆိုကြပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ ဆွေးနွေးပြောဆိုမှုအများဆုံးက ခရစ်ပ်တိုငွေကြေးနဲ့ ယူကရိန်းစစ်ပွဲအကြောင်းဖြစ်ပါတယ်။ ဒီနှစ်ကတော့ အေအိုင် (AI) နှစ်ပါ။ တလောက ပြဿနာတက်တဲ့ Open AI ကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာ ဆမ်အယ်လ်မင်လည်း တက်ရောက်လာပါတယ်။ စစ်ပွဲအကြောင်းကလည်း အရိပ်ထိုးနေဆဲပါ။ ယူကရိန်းသမ္မတ ဇလန်းစကီးနဲ့ အစ္စရေးသမ္မတ အိုက်ဇက်ဟားဇော့တို့ စကားပြောကြပါတယ်။ နောက်ထပ် ဆွေးနွေးပြောဆိုမှုအများဆုံးအကြောင်းအရာကတော့ အမေရိကန်သမ္မတရွေးကောက်ပွဲနဲ့ ဒေါ်နယ်လ်ထရမ့်သာ သမ္မတအဖြစ်ပြန်ရွေးခံရရင် ကမ္ဘာ့အခင်းအကျင်းအပေါ် ဘယ်လိုလုပ်ခါစေမလဲ ဆိုတာတွေပါ။ ဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာကမ္ဘာ့ညီလာခံ (COP28) ကျင်းပပြီးတာ မကြာသေးဘူးဆိုပေမဲ့ သိပ်အရေးမပါသလိုမျိုး နောက်တန်းမှာရောက်နေပါတယ်။ ဒါ့အပြင် ဂါဇာ၊ ယူကရိန်းနဲ့ ဆင်းရဲချမ်းသာကွာဟမှု ပြဿနာတွေကို ပြောဆိုခဲ့ကြပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်ရင် ထူးခြားတာတခု ရှိပါတယ်။ WEF ရဲ့ ပြင်ပဆွေးနွေးပွဲတခုမှာ မြန်မာနိုင်ငံအကြောင်း ‘သံတမန်ရေး ဆွေးနွေးပြောဆိုမှု- ဆုံးရှုံးနစ်နာဖွယ် ဆယ်စုနှစ်တခု မဖြစ်စေရန် ကာကွယ်ခြင်း’ (Diplomacy Dialogue on Myanmar: Preventing a Lost Decade) ဆိုပြီး ဆွေးနွေးခဲ့ကြပါတယ်။ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီး ပန်ပရီဗဟိဒ္ဓနုကာရာက ထိုင်းနိုင်ငံရဲ့ ရပ်တည်ချက်ကို ဆွေးနွေးပါတယ်။ ထိုင်းနိုင်ငံက ပထမဦးဆုံးထုတ်ပြောတဲ့ မြန်မာနိုင်ငံဆိုင်ရာ တရားဝင်မူဝါဒမိန့်ခွန်းလို့ ဆိုရမှာပါပဲ။

## ■ ၂၀၂၄ ခုနှစ်အတွင်း ရင်ဆိုင်ရနိုင်သော အန္တရာယ်များဆိုင်ရာအကဲဖြတ်ချက်

ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum-WEF) မတိုင်မီ ကမ္ဘာ့ခေါင်းဆောင် ၁,၅၀၀ ဦး၏အမြင်များကို စစ်တမ်းကောက်ယူခဲ့ပြီး ကမ္ဘာကြီး၏ အန္တရာယ်များဆိုင်ရာ အကဲဖြတ်ချက် (The Global Risks Report) ကို ဖော်ပြခဲ့သည်။ အောက်ဖော်ပြပါ အချက်များမှာ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာပေါ်၌ အရေးတကြီး ရင်ဆိုင်ရဖွယ်ရှိသော အကြောင်းအချက်များ ဖြစ်ပါသည်။




ရင်းမြစ် - The Global Risks Report (2024)

မစ္စတာပန်ပရီက ကမ္ဘာမှာ ယူကရိန်းအရေးကို စိုးရိမ်ပူပန်ကြီးကြပေမဲ့ ထိုင်းနိုင်ငံရဲ့ အိမ်နီးချင်း မြန်မာနိုင်ငံရဲ့အကျပ်အတည်းကလည်း အာဆီယံနိုင်ငံတွေအဖို့ ကြီးကြီးမားမားဖိစီးလှပါတယ်လို့ ဆိုပါတယ်။ မြန်မာ့ပဋိပက္ခက ရှုပ်ထွေးပွေလီလှပြီး အလှည့်အပြောင်းမှာ... 

အခြားစိတ်ဝင်စားဖွယ်တခုက ကမ္ဘာကြီးရဲ့ အန္တရာယ်များဆိုင်ရာအကဲဖြတ်ချက် (Global Risks Report) ပါ။ ဒီအစည်းအဝေးမတိုင်မီကာလမှာ ကမ္ဘာ့ခေါင်းဆောင် ၁,၅၀၀ ရဲ့အမြင်တွေကို စစ်တမ်းကောက်ယူခဲ့တာရှိပါတယ်။ သူတို့က ကမ္ဘာကြီးအနေနဲ့ အရေးတကြီး ရင်ဆိုင်နေရတယ်လို့ယူဆတဲ့ အန္တရာယ်တွေကို တဖက်ပုံပါအတိုင်း ဖော်ပြခဲ့ပါတယ်။ ■

## အကြံပြု မေးမြန်းနိုင်ပါသည်

### FEEDBACK & FEEDFORWARD

‘ISP ကပြင်ရပ်ဝန်း’ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။ တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့ အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ ‘ISP ကပြင်ရပ်ဝန်း’ကို ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊ ဆွေးနွေးချင်တာရှိရင် အခု လက်ခံရရှိတဲ့မေးလ်ကို ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ ‘ISP ကပြင်ရပ်ဝန်း’ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း မှတ်ချက်ဝင်ရေးရင်း လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။ ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး Signal, Whatsapp, Viber, Line တွေကတဆင့် လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

**ISP Telegram**

**ISP YouTube**

**ISP X (Twitter)**

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.